ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

သတ္တုတွင်းဝန်ကြီးဌာန

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**

# ကြေညာချက်(၄/၂၀၁၂)

နေပြည်တော်၊၁၃၇၄-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ( ၈ ) ရက်

(၂၀၁၂-ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်)

အကြောင်းအရာ။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ ပေးသွင်းထားသော အာမခံစပေါ်ငွေများ စာရင်းရှင်းလင်းပြန်လည်ထုတ်ယူရန်ကိစ္စ။

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီသည် နိုင်ငံသား၊ ပုဂ္ဂလိက၊ ကုမ္ပဏီအသင်းများအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် အဆိုပြုလွှာများကိုလက်ခံ၍ ခွင့်ပြုမိန့်များထုတ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

၂။ ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီသည် နိုင်ငံသား၊ ပုဂ္ဂလိက၊ ကုမ္ပဏီအသင်းများအနေဖြင့် သတ်မှတ်ချက်များနှင့်အညီအဆိုပြုလွှာများတင်သွင်းနိုင်ရန် ၂၀၀၀ ပြည့်နှစ်မှစ၍ ကြေညာချက်များဖြင့် သတင်းစာတွင်ထည့်သွင်းဖော်ပြ၍ အဆိုပြုလွှာများခေါ်ယူခဲ့ပါသည်။

၃။ ကျောက်မျက်ရတနာလုပ်ကွက်များကို ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများတင်သွင်းရာတွင်လည်းကောင်း၊ သတ်မှတ်လုပ်ကွက်(အသစ်)၊ ဖော်ထုတ်လုပ်ကွက်(အသစ်)များကို လျှောက်ထားရာတွင်လည်းကောင်း၊ သက်ဆိုင်ရာလုပ်ငန်းရှင်များထံမှ အဆိုပြုလွှာတစ်စောင်(လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ(Deposit)ငွေကျပ် တစ်သိန်းစီကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းက လက်ခံခဲ့ပြီး ကျောက်မျက်ရတနာဥပဒေများနှင့်အညီ အဆိုပြုလွှာများကို လက်ခံခဲ့ပါသည်။

၄။ လုပ်ငန်းရှင်များကပေးသွင်းခဲ့သော အာမခံစပေါ်ငွေများနှင့်ပတ်သက်၍ အာမခံစပေါ်ငွေပေးသွင်းရေး၊ သတ်မှတ်ထားသည့်ညွှန်ကြားချက်၊ စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ခွင့်ရရှိသောလုပ်ကွက်များအတွက် စပေါ်ငွေများကို ခုနှိမ်ပေးသွင်းခြင်း၊ လုပ်ကိုင်ခွင့်မရရှိသောလုပ်ကွက်များအတွက် အာမခံစပေါ်ငွေများပြန်လည်ထုတ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။ ထို့ပြင် ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီမှ သတ်မှတ်ခွင့်ပြုသည့်ကာလအတွင်း လာရောက်ဆက်သွယ်မှုမပြုခြင်း၊ သတ်မှတ်ကာအတွင်း အဆိုပြုငွေပေးသွင်းရန်ပျက်ကွက်ခြင်း၊ တင်သွင်းထားသောအဆိုပြုလွှာ၊ လျှောက်လွှာများကို ပယ်ဖျက်ခွင့်တင်ပြခြင်း၊ ညှိနှိုင်းဆောင်ရွက်ရန်လိုအပ်သော

လုပ်ကွက်များအတွက် လုပ်ငန်းရှင်မှတစ်စုံတစ်ရာပြန်ကြားခြင်းမပြုဘဲ လူကိုယ်တိုင်လာရောက်ဆက်သွယ်မှု မပြုခြင်းတို့အတွက် ပေးသွင်းထားသောအာမခံစပေါ်ငွေများကို ဥပဒေ၊ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ နိုင်ငံတော်ဘဏ္ဍာငွေစာရင်းသို့ ပေးသွင်းခဲ့ပါသည်။

၅။ အောက်ဖော်ပြပါကြေညာချက်များအရ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းသို့ ပေးသွင်းထားသည့်အာမခံစပေါ်ငွေများနှင့်ပတ်သက်၍ **ရရန်၊ ပေးရန်များကျန်ရှိပါသည်-**

(က) ၂၀၀၅ ခုနှစ် ကြေညာချက် ၂/၂၀၀၅၊ ၃/၂၀၀၅၊ ၄/၂၀၀၅၊ ၅/၂၀၀၅၊ ၆/၂၀၀၅

(ခ) ၂၀၀၆ ခုနှစ် ကြေညာချက် ၁/၂၀၀၆၊ ၂/၂၀၀၆၊ ၄/၂၀၀၆၊ ၅/၂၀၀၆

(ဂ) ၂၀၀၇ ခုနှစ် ကြေညာချက် ၁/၂၀၀၇၊ ၂/၂၀၀၇၊ ၃/၂၀၀၇၊ ၄/၂၀၀၇၊ ၅/၂၀၀၇၊ ၆/၂၀၀၇

(ဃ) ၂၀၀၈ ခုနှစ် ကြေညာချက် ၁/၂၀၀၈၊ ၂/၂၀၀၈၊ ၃/၂၀၀၈၊ ၄/၂၀၀၈၊ ၅/၂၀၀၈၊ ၆/၂၀၀၈

(င) ၂၀၀၉ ခုနှစ် ကြေညာချက် ၁/၂၀၀၉၊ ၂/၂၀၀၉၊ ၄/၂၀၀၉၊ ၅/၂၀၀၉၊ ၆/၂၀၀၉

(စ) ၂၀၁၀ ပြည့်နှစ် ကြေညာချက် ၁/၂၀၁၀၊ ၂/၂၀၁၀

၆။ အထက်အပိုဒ်(၅)ပါ ကြေညာချက်များအရ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ ပေးသွင်းထားသည့်အာမခံစပေါ်ငွေများနှင့်ပတ်သက်၍ **ရရန်၊ ပေးရန်ရှိသည်များကို** သက်ဆိုင်ရာ လုပ်ငန်းရှင်များအနေဖြင့် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့မှ မတ်လ (၃၁)ရက်အတွင်း မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဆက်သွယ်၍ အမြန်ဆုံးစာရင်းရှင်းလင်းဆောင်ရွက်ကြရန်နှင့် အကယ်၍ လုပ်ငန်းရှင်များအနေဖြင့် မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဆက်သွယ်၍ စာရင်းရှင်းလင်းခြင်းမပြုပါက မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ ပေးသွင်း ထားသော အာမခံစပေါ်ငွေများကို နိုင်ငံတော်ဘဏ္ဍာငွေစာရင်းသို့ ပေးသွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**